# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# ၁၈ ရက်မြောက်နေ့ အစီအစဉ်
# [ ၂၆-၂-၂၀၁၄ ] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးကျော်ခိုင်ဝင်း၊ မယ်စဲ့ မဲဆန္ဒနယ်၏ **ရွှေလုပ်ငန်း လုပ်ကိုင်သော ကုမ္ပဏီများမှ ရွှေအကြွေးကျန်များဆက်လက် ရရှိရေးကို နည်းလမ်း (၄)သွယ်ဖြင့် ဆောင်ရွက်ရာတွင် ဖြေရှင်း၍ မရနိုင်သော ကုမ္ပဏီများ ဆိုသည်မှာ မည်သို့သော အကြောင်းကြောင့် ဖြစ်သည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးမင်းဆွေ၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံမှ သယံဇာတများကို တစ်ဖက်နိုင်ငံသို့ တရားမဝင်ထုတ်ယူနေမှုများအပေါ် တာဝန်မဲ့ ဆောင်ရွက်နေသည့် ဝန်ထမ်းများအား မည်ကဲ့သို့ အရေးယူမည်နှင့် ဆုံးရှုံးခဲ့သည့် နိုင်ငံပိုင် သယံဇာတများနှင့် ပတ်သက်၍ တရားမဝင် ခိုးထုတ်သွားသည့် ကုမ္ပဏီများထံမှ ပြန်လည်ရရှိရေး ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးစိုးသိမ်း၊ ကလေးဝ မဲဆန္ဒနယ်(ကိုယ်စား) ဦးမောင်ဦး၊ ဖောင်းပြင် မဲဆန္ဒနယ်၏ **လွှတ်တော်မှ ဖွဲ့စည်းပေးအပ်သော ကော်မတီများမှ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ မေးမြန်းခြင်းအပေါ် ပြန်ကြားချက် မရရှိသော ကိစ္စရပ်များအား အသိပေး ပြန်ကြားပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဒေါက်တာစိုးရင်၊ ကမာရွတ် မဲဆန္ဒနယ်၏ **လူအများ စုဝေးအပန်းဖြေသည့် ပန်းခြံကဲ့သို့ နေရာများကို London မြို့ရှိ Hyde Park နည်းတူ ပြည်သူများ တစ်ဦးချင်း လွတ်လပ်စွာ တင်ပြနိုင်သော နေရာအဖြစ် စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်၏ **မြို့သစ်မြို့နယ်ခွဲ၊ သနန်ကျေးရွာမှ တောင်သူများ၏ မူလကွန်ဖာကွင်းအား ပြန်လည်ပေးအပ်ရန် ရှိ/မရှိနှင့် အကျဉ်းဦးစီးဌာနပိုင် မြေယာများအား ဒေသခံပြည်သူများကို မြေယာလုပ်ပိုင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးမြင့်ရွှေ၊ ဝေါ မဲဆန္ဒနယ်၏ **နိုင်ငံတစ်ဝှမ်းလုံးရှိ ရပ်ကွက်/ ကျေးရွာများမှ ရဝတ/ရယက ဥက္ကဋ္ဌများအား ထိုက်သင့်သည့် ချီးမြှင့်မှု ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုချက်ဖြင့် ပေးပို့လာသော **“အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော **“မြန်မာနိုင်ငံ ရဲညွှန့်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၉ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။